**12/13/24 ချက်ချင်းပြန်လွှတ်ပေးရန်**

## တံငါသည်များ အခွင့်အရေး ကွန်ယက်သည် မြန်မာ 31 အတွက် တရားမျှတမှုတောင်းဆို — ဖမ်းဆီးထိန်းသိမ်းထားသော သင်္ဘောသားများကို ယခုချက်ချင်း ပြန်လွှတ်ပေးရေး

ထိုင်းနိုင်ငံ၊ ရနောင်းမြို့

ယနေ့ပြုလုပ်ခဲ့သည့် ရနောင်းမြို့ရှိ အလုပ်သမားဝန်ကြီးဌာန စုံစမ်းမေးမြန်းမှုတွင် နိုဝင်ဘာလ 30 ရက်နေ့က ဖြစ်ပွားခဲ့သည့် IUU ငါးဖမ်းမှုဖြစ်စဉ်တွင် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် သင်္ဘောသား 31 ဦးအား ချက်ခြင်းပြန်လွှတ်ပေးရန်နှင့် ဘေးကင်းလုံခြုံစွာ မိသာစုထံပြန်လည်ပို့ဆောင်နိုင် ရေးအတွက် ပူးပေါင်းလုပ်ကိုင်ကြရန် မြန်မာနှင့် ထိုင်းအစိုးရကို တံငါသည်များ အခွင့်အရေး ကွန်ယက်က တောင်းဆိုခဲ့သည်။

ပါဝင်ပတ်သက်ခဲ့သော တံငါသည်အားလုံးသည် ၎င်းတို့အလုပ်ရှင် နှင် ကပတိန်၏ ညွှန်ကြားချက်များကို လိုက်နာနေခြင်းသာဖြစ်ပြီး ဤဖြစ်ရပ်အတွက် တာဝန်ခံယူခိုင်းခြင်း သို့မဟုတ် ဖမ်းဆီးခံရခြင်း မဖြစ်သင့်ပါ။ “ကျွန်မယောကျ်ားက ဘာအမှားမှ မလုပ်ခဲ့ဘဲနဲ့ မတရား ဖမ်းဆီးချုပ်နှောင်ခံရတယ်။ မြန်မာ နှင့် ထိုင်းအစိုးရတွေက တံငါသည်တွေမဟုတ်ဘဲ အလုပ်ရှင် သိုမဟုတ် ကပတိန်တို့ကို အပြစ်ပေးသင့်တယ် လို” ဖမ်ဆီးခံရသည် မြန်မာ 31 ဦးထဲမှ တငါသည်ဇနီးဖြစ်သူ စုနန္ဒာက ပြောသည်။

ထိုင်းအစိုးရအနေနဲ ငါးဖမ်းသင်္ဘောများကို စနစ်တကျ စစ်ဆေးရန် နှင့် သင်္ဘောသွားလာမှု စောင့်ကြည့်ရန်နှင့် ILO ငါးဖမ်းလုပ်ငန်းဆိုင်ရာ သဘောတူညီချက် (C188) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းသည် ဤဖြစ်ရပ်ကို ဖြစ်ပေါ်စေသည့် အတိက အကြောင်းရင်းများဖြစ်သည်။

“PIPO အနေနဲ့ လှေဝင်လှေထွက်ကို စနစ်တကျ မစစ်ဆေးခဲ့ဘူးလို တံငါသည်များ အခွင့်အရေး ကွန်ယက်၏ ဥက္ကဋ္ဌ ရဲသွေးက ပြောသည်။ “တံငါသည်အများစုဟာ အကြွေးနဲ့ ချုပ်နှောင်ခံရပြီး သူတို့ရဲ့ နိုင်ငံကူးလက်မှတ်တွေကို အလုပ်ရှင် နှင့် ငါဖမ်းသမားခေါင်းဆောင်တွေက မတရား သိမ်းဆည်းထားပါတယ်။ ဒါ့အပြင် နာယူအိပ်ချိန်နည်းပါးပြီး အတင်းအကျပ် စေခိုင်းခေါ်ယူခြင်း ခံခဲရပါတယ်။

C188 ကို အကောင်အထည်ဖော်ရာမှာ ဥပဒေ နှင့် စနစ်တကျလုပ်ဆောင်ခဲ့ခြင်း မရှိခဲ့သည်အတွက်ငါးဖမ်းလုပ်ငန်းနယ်ပယ်မှာ IUU ငါးဖမ်းခြင်းကို ပြန်လည်ဖြစ်ပေါ်လာစေခဲ့ပြီး၊ အံ့ဖွယ်ကောင်းစွာဖြင့် ထိုင်းအစိုးရက တာဝန်ရှိသူများကို သင်္ဘောတစ်စီးမှ နောက်တစ်စီးသို့ ကုန်ကဲ့ယူခြင်းကို

လျှော့ချခဲ့သည်၊ ထို့ကြောင့် ပင်လယ်ပြင်တွင် ကန့်သတ်ထားသည် ငါဖမ်းသင်္ဘောများကို တည်ဆဲဥပဒေများအတိုင်း ထိရောက်စွာ စစ်ဆေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ရန် လိုအပ်နေဆဲ ဖြစ်သည်။

ကံမကောင်းစွာနဲ့ ငါဖမ်းလုပ်ငန်းနယ်ပယ် စည်းမျဉ်းချိုးဖောက်သူတွေကို ထိထိရောက်ရောက်အပြစ်ဒဏ်မပေးခြင်းဟာ IUU ငါးဖမ်းခြင်း၊ အလုပ်သမား အခွင်ရေးချိုးဖေါက်ခြင်း မတရား ခေါင်းပုံဖြတ်ခံရခြင်းတို့ကို ဖြစ်စေပြီးငါးဖမ်းသမားတွေနဲ့ ငါးသားပေါက်အချိန်ကို အကာအကွယ်မပေးနိုင်တဲ့ အခြေအနေတွေလို "ITF ငါးဖမ်းလုပ်ငန်းဌာန၏ ဥက္ကဋ္ဌဖြစ်သူ Johnny Hansen က ပြောကြားခဲ့သည်။ “ဒါက တစ်ကမ္ဘာလုံးမှာဖြစ်နေတဲ့ ပြဿနာဖြစ်ပေမယ့် ထိုင်းနိုင်ငံရဲ့အခြေအနေတွေက အတော်လေး ဆိုးရွားပါတယ်” ဟု ၎င်းက ဆိုသည်။

FRN အနေဖြင့် ထိုင်းအစိုးရကို ဥပဒေစိုးမိုးစေခြင်းဖြင့် ငါးဖမ်းလုပ်ငန်းခွင်အတွင်း ကျယ်ပြန့်စွာ ဖြစ်ပေါ်နေသည့် အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်၊ တံငါသည်များ၏ ဘေးကင်းရေးနှင့် တရားမျှတစွာ ဆက်ဆံခံရရေးကို အာမခံပေးရန်နှင့် ယခုကဲ့သို့ ဖြစ်စဉ်မျိုး ထပ်မဖြစ်ပွားအောင် လုပ်ငန်းခွင်အခြေအနေများ မြှင့်တင်ပေးရန် တောင်းဆိုထားပါသည်။ “အဓိပ္ပာယ်ပြည့်ဝတဲ့ ပြုပြင်ပြောင်းလဲမှုတွေ ဖော်ဆောင်ပြီး တံငါသည်အားလုံးရဲ့အခွင့်အရေးအပေါ် လေးစားမှုရှိကြောင်း သေချာအောင် ထိုင်းအာဏာပိုင်တွေနဲ့ လက်တွဲလုပ်ဆောင်သွားဖို့ ကျွန်ုပ်တို့ဘက်က အဆင်သင့်ပါပဲ” ဟု ရဲသွေးက ပြောသည်။

###

နောက်ထပ်အချက်အလက်များအတွက် frncoordinator.itf@gmail.com သို့ ဆက်သွယ်ပါ သို့မဟုတ် https://justiceforfishers.org/ သို့ ဝင်ရောက်ကြည့်ရှုပါ။